## စာရေးသူရဲ့ အမှာ

ကျွန်တော် စာသင်ကြားလာတဲ့ နှစ်ပေါင်း ၅၀ အတွင်း ကျောင်းသားတွေအတွက် ပညာရေးအထောက်အကူပြုစာအုပ်များကိုသာ အစဉ်တစိုက်ရေးသားလာရာမှ ၂၀၂၀ ပြည့်နှစ်မှာ MRTV က သောကြာနေ့ညတိုင်း ထုတ်လွှင့်တဲ့ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် "ရာပြည့်သဘင်" အထိမ်းအမှတ်ဂုဏ်ပြုဖျော်ဖြေပွဲက တေးသီချင်းတွေကို ကြည့်ရှု၊ နားဆင်၊ ကြည်နူးရင်း တစိမ့်စိမ့် ဖြစ်ပေါ်လာတဲ့ တက္ကသိုလ်ရဲ့ အငွေ့အသက် စိတ်ခံစားမှုတွေကို ပြန်လည်မျှဝေချင်တဲ့ ဆန္ဒကြောင့် ၂၀၂၀ ဒီဇင်ဘာ ၁ ရက်ကစပြီး "ရန်ကုန်တက္ကသိုလ် တမ်းချင်း (၁) (၂) (၃) (၄)" တို့ကို ကျွန်တော့်ရဲ့ လူမှုကွန်ရက်စာမျက်နှာမှာ နေ့စဉ် ရက်ဆက် ရေးဖြစ်ပါတယ်။

စာပေရေးသားခြင်းကို တဖြည်းဖြည်းချင်း ရှာန်ဝင်လာရာက ဘဝသက်တမ်းတစ်လျှောက်မှာ ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ အကြောင်းအရာတွေကို စုစည်းပြီး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအဖြစ် ငယ်စဉ်ကျောင်းသားဘဝ၊ ဆရာဘဝ၊ မွေးနေ့အမှတ်တရ၊ မိသားစုဘဝ၊ နိုင်ငံခြားခရီး အတွေ့အကြုံ ..... စတာတွေကို ကြည်နူး၊ နှစ်သက်၊ ပျော်ရွှင်၊ ချမ်းမြေ့၊ လွမ်းမောဖွယ်ဖြစ်အောင် (ကရုဏာရသ၊ ဟာသရသ၊ သန္တရသတွေ ခံစားရအောင်) အစွမ်းကုန်ကြိုးစားပြီး ဆက်လက်တင်ပြခဲ့ပါတယ်။



ကျွန်တော့် ဘဝမှတ်တမ်း အပိုင်းတွေကို လူမှုကွန်ရက်စာမျက်နှာမှာ စောင့်ဖတ်ရတာ အားမရပါဘူး ပြောလာသူများ၊ တစ်စုတစ်စည်းတည်းကို တစ်ထိုင်တည်း အားပါးတရ ဖတ်ချင်ပါတယ်လို့ဆိုလာသူများ နဲ့ မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်း၊ မိတ်ဆွေ၊ တပည့်၊ လုပ်ဖော်ကိုင်ဖက် ဆရာများရဲ့ အကြံပြု၊ အားပေး၊ တိုက်တွန်းမှုတွေ အရ "စိန်ရတု မွေးနေ့အထိမ်းအမှတ်" အဖြစ် စာအုပ် ထုတ်ဝေလိုက်ပါတယ်။ ဘဝမှတ်တမ်း (၂၁) ပုဒ်ကို ဖတ်ရှုရာမှာ ဗဟုသုတရစေချင်တဲ့ ရည်ရွယ်ချက်အပြင်၊ မျက်စိပသာဒပါ ဖြစ်ရလေအောင် ကယ်ရီကေးချား (၁) ပုံ၊ သရုပ်ဖော်ပန်းချီ (၉) ပုံ၊ ဓာတ်ပုံ (၁၃၅) ပုံနဲ့ စာဖတ်ပရိသတ် (၁၁၂) ယောက်ရဲ့ Comment (၂၄၀) ကိုပါ ပြည့်ပြည့်စုံစုံ ဝေဝေဆာဆာ ထည့်ပေးထားတာမို့ သဘောတွေ့ မနောခွေ့ ကြပါလိမ့်မယ်။

အထူးသဖြင့်ကတော့ ..... ဆရာတစ်ယောက်ဖြစ်လာဖို့ ကြိုးပမ်းအားထုတ်ပုံ၊ အပင်ပန်းအနစ်နာခံရပုံ၊ ဆရာတပည့်တွေရဲ့ ဂါရဝတရား၊ နိဝါတတရား၊ ဆရာတပည့်ဆက်ဆံရေးရဲ့ ကြည်နူးစရာ၊ ကျေးဇူးရှင်တွေရဲ့ ဂုဏ်ပုဒ်ကို မမေ့မလျော့ ချီးကျူးကန်တော့ဖို့၊ စေတနာအကျိုးပေးပုံ၊ မေတ္တာရောင်ပြန်ဟပ်ပုံ၊ ကုသိုလ်အရေး လက်မနှေးဖို့၊ အောင်မြင်မှုတိုင်းမှာ ကံဉာဏ်ဝီရိယသုံးပါးစလုံး အရေးပါပုံတွေကို ပညာရေးလောကထဲ ဝင်လာချင်ပေမဲ့ အားငယ်နေသူများ နဲ့ ဆရာဘဝကို တန်ဖိုးထားသူများအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေချင်သလို၊ အတုယူစေချင်တဲ့ စေတနာမေတ္တာကို အရင်းခံပြီး ရေးသားထားကြောင်း အစီရင်ခံရပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ "ကျေးဇူးတရားကို အလေးထားတဲ့ လူ့ယဉ်ကျေး လူ့ဘောင်တစ်ခုကို လက်ဆင့်ကမ်းပေးထားခြင်း" ဖြစ်လို့ ကျွန်တော့် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို နှစ်မြိုက်မြတ်နိုး တန်ဖိုးထား ဖတ်ရှုသူများ ကျေနပ်နှစ်သက်ကြလိမ့်မယ်လို့ အကြွင်းမဲ့ ယုံကြည်ထား ကြောင်းပါ။

အားလုံးကို ကျေးဇူးပါ။
**ဂုဏ်ထူးဦးအောင်ခိုင်**

## မာတိကာ


| | | |
|---|---|---|
| ၁။ | ရန်ကုန်တက္ကသိုလ် တမ်းချင်း (၁) | ၁၇ |
| ၂။ | ရန်ကုန်တက္ကသိုလ် တမ်းချင်း (၂) | ၂၂ |
| ၃။ | ရန်ကုန်တက္ကသိုလ် တမ်းချင်း (၃) | ၃၂ |
| ၄။ | ရန်ကုန်တက္ကသိုလ် တမ်းချင်း (၄) | ၄၂ |
| ၅။ | မွေးနေ့အမှတ်တရ ဘဝသမိုင်းမှတ်တမ်း | ၅၄ |
| ၆။ | Peter, Yaw & 13 | ၆၉ |
| ၇။ | စိန့်အဲလ်ဘတ်မှာ ခြောက်နှစ်တာ ဘဝတစ်ကွေ့မှတ်တမ်း | ၇၈ |
| ၈။ | ကျေးဇူးကြီးမား ဆရာသမားများ ဂါရဝတရားထား | ၉၄ |


### ဘဝအကြောင်း တစေ့တစောင်း


| | | | |
|---|---|---|---|
| ၉။ | (၁) | မျက်ရည်လည်ရွဲ ဆရာကန်တော့ပွဲ | ၁၁၇ |
| ၁၀။ | (၂) | မျက်မှန်လေးနဲ့ ချစ်စရာ အပြုံး | ၁၂၉ |
| ၁၁။ | (၃) | အပေါဝတ ကောင်းလေစွ | ၁၄၂ |
| ၁၂။ | (၄) | tomorrow ခွဲစိတ်အထူးကုဆရာဝန် | ၁၅၂ |
| ၁၃။ | (၅) | ပညာဟူသည် မြတ်ရွှေအိုး | ၁၆၄ |
| ၁၄။ | (၆) | ကျွန်တော် နဲ့ Whiteboard | ၁၇၆ |
| ၁၅။ | (၇) | အလှူရေစက် လက်နဲ့မကွာ | ၁၈၇ |
| ၁၆။ | (၈) | ထူးထွေဆန်းပြား တပည့်ချစ်များ | ၂၀၅ |
| ၁၇။ | (၉) | ဂုဏ်ထူးဦးအောင်ခိုင်အတု ချောင်းသာခရီး | ၂၁၆ |
| ၁၈။ | (၁၀) | ကွာလာလမ်ပူမှာ ၄၂ နာရီ | ၂၂၅ |
| ၁၉။ | (၁၁) | စည်းစနစ်ကျန စင်ကာပူအလှ | ၂၃၅ |
| ၂၀။ | (၁၂) | ကျွန်တော် နဲ့ အမေရိကား | ၂၅၂ |
| ၂၁။ | (၁၃) | ထူးထူးခြားခြား မှတ်မှတ်ထင်ထင် | ၂၇၇ |